သင်ခန်းစာ (၁၉)

# Women Rights Situation in South East Asian Region
## အရှေ့တောင်အာရှဒေသအတွင်းရှိ အမျိုးသမီးများ၏ အခွင့်အရေးအခြေအနေ

ရည်ရွယ်ချက်

- အမျိုးသမီးများအား နည်းမျိုးစုံဖြင့်ခွဲခြားထားမှုအားလုံး ဖျက်သိမ်းရေးသဘောတူစာချုပ် (CEDAW) တွင် ပါသောအချက်များကို အသေးစိတ်ပိုမိုနားလည်၍ မြန်မာနိုင်ငံရှိ အမျိုးသမီးများအခြေအနေနှင့် နှိုင်းယှဉ်တတ်စေရန်၊
- အာရှဒေသအတွင်းရှိနိုင်ငံများရှိ အမျိုးသမီးများအခြေအနေကို လေ့လာသိရှိစေရန်၊

## Activity (လှုပ်ရှားမှု)

(၁) သင်တန်းသားများကို အုပ်စု (၄)စုခွဲပါ။
(၂) အဖွဲ့တဖွဲ့စီကို အောက်ပါဇယားကွက်များပါသောစာရွက်များဖြန့်ဝေပါ။
(၃) အဖွဲ့တဖွဲ့လျှင် အပိုဒ် (၄)ပိုဒ်စီခွဲဝေ၍ ထိုအပိုဒ်များတွင်ပါဝင်သောအကြောင်းအရာ၊ မေးခွန်းများကို ဖတ်ရှုလေ့လာ၍ ထိုအကြောင်းအရာများနှင့် သက်ဆိုင်သည့် မြန်မာနိုင်ငံအတွင်းရှိ ဥပမာများကို ရေးချခိုင်းပါ။

| အပိုဒ်နှင့် အဓိပ္ပာယ် ဖွင့်ဆိုချက် | ဆန်းစစ်လေ့လာရန်အချက်များ | ဥပမာများ |
| --- | --- | --- |
| အပိုဒ် ၁–၃<br>အစိုးရ၏တာဝန်များ | – အစိုးရသည် **CEDAW**စာချုပ်နှင့် နောက် ဆက်တွဲစာချုပ်များကို အတည်ပြု လက်မှတ်ထိုးထားပါသလား။<br>– ဖွဲ့စည်းပုံအခြေခံဥပဒေတွင် လိင်ကွဲပြားမှု ကို အခြေခံသည့်ခွဲခြားမှုမရှိစေဘဲ ကျားမ တန်းတူခံစားခွင့်ရှိသည်ဟု ဖော်ပြရေးသား ထားပါသလား။<br>– နိုင်ငံတော်ရှိတရားဥပဒေများထဲတွင် အမျိုး သမီးများအား ခွဲခြားမှုပပျောက်ရေးကို ဦးတည်သည့် ဥပဒေများရှိပါသလား။ | |
| အပိုဒ် (၄)<br>ယာယီအထူးပြုလုပ်ဆောင်ချက် | – အစိုးရပိုင်းတွင် အမျိုးသမီးများ ပါဝင်စေ ရန် အထူးခွင့်ပြုထားသော ပုံစံရှိပါသလား။<br>– အမျိုးသမီးများအခွင့်အရေးအတွက် စီမံ ကိန်းချမှတ်လုပ်ဆောင်မှုရှိပါသလား၊<br>– အမျိုးသမီး ဖွံ့ဖြိုးတိုးတက်ရေးဖြစ်သော ပညာရေး၊ စီပွားရေး၊ စွမ်းရည်မြှင့်လုပ်ငန်း များအတွက် ဘဏ္ဍာငွေများကို သီးသန့် ဖယ်ထားပါသလား။ | |

| | | |
|---|---|---|
| အပိုဒ်(၅)<br>ပုံစံခွက်များပပျောက်စေရေး | – ကျောင်းများ၊ မီဒီယာများတွင် ကျားမ ပုံစံခွက်အစွဲများဖြစ်စေသည့် ပုံဖော်တင်ပြမှုများရှိပါသလား။<br>–**CEDAW**တွင်ပါသောအချက်များနှင့် မကိုက်ညီသည့် ယဉ်ကျေးမှုကျင့်စဉ်၊ ဓလေ့ထုံးစံ အလေ့အထများရှိပါသလား။ | |
| အပိုဒ် (၆)<br>ကူးသန်းရောင်းဝယ်ခြင်းနှင့် ပြည့်တန်ဆာအဖြစ်စေခိုင်းခြင်း | – လူကုန်ကူးသန်းရောင်းဝယ်မှုတားဆီးရေး ဥပဒေနှင့် ကလေးပြည့်တန်ဆာတားဆီးရေးဥပဒေများပြဋ္ဌာန်းထားပါသလား။<br>– ပြည့်တန်ဆာလုပ်ငန်းအပေါ် လူထုက ဘယ်လိုမျိုးမြင်လေ့ရှိပါသလဲ။ | |
| အပိုဒ် (၇)<br>အမျိုးသမီးများ မဲပေးခွင့်၊ ရွေးချယ်ခံပိုင်ခွင့် | – အမျိုးသမီးများ မဲပေးခွင့်ရှိပါသလား။<br>– နိုင်ငံရေးနှင့် လူထုအုပ်ချုပ်ရေးဌာနများတွင် အမျိုးသမီးများ တာဝန်ထမ်းဆောင်မှုရှိပါသလား။ | |
| အပိုဒ် (၈)<br>နိုင်ငံတကာတွင်အမျိုးသမီးများကိုယ်စားပြုခွင့် | – နိုင်ငံတကာကိုယ်စားလှယ်အဖွဲ့များတွင် အမျိုးသမီးများ ပါဝင်မှုရှိပါသလား။<br>– နိုင်ငံတကာအစီရင်ခံစာများတွင် အမျိုးသမီးအခြေအနေကို အမှန်အတိုင်း တင်ပြပါသလား။ | |
| အပိုဒ် (၉)<br>နိုင်ငံသားဖြစ်ခွင့်၊ ပြောင်းလဲပိုင်ခွင့်၊ လျှောက်ထားပိုင်ခွင့် | – အမျိုးသမီးတဦးသည် နိုင်ငံခြားသားတဦးကို လက်ထပ်လိုက်၍ မိမိ၏နိုင်ငံသားအဖြစ်ကို စွန့်လွှတ်ရပါသလား၊<br>– အမျိုးသမီးများသည် သူတို့၏ အိမ်ထောင်ဖက်နှင့် ရင်သွေးများအတွက် နိုင်ငံသားဖြစ်ခွင့်ကို အမျိုးသားများနည်းတူ လွတ်လပ်စွာ လျှောက်ခွင့်၊ ရရှိခွင့်၊ ပြောင်းလဲခွင့်ရှိပါသလား။ | |
| အပိုဒ် (၁၀)<br>ပညာရေးတွင် ခွဲခြားမှုမရှိရန် | – ကျားမတန်းတူပညာသင်ကြားခွင့်ရှိရန် ခွင့်ပြု ထားသော ဥပဒေများရှိပါသလား။<br>– သင်ရိုးညွှန်းတမ်းတွင် ကျားမပုံစံခွက် အမြင်များဖြစ်အောင် လှုံ့ဆော်ပေးသော အကြောင်းအရာများကို ပယ်ဖျက်ခဲ့ဘူးပါသလား။ | |

| | | |
|---|---|---|
| အပိုဒ်(၁၁)<br>အလုပ်ခွဲခြားမှုမရှိရန် | – အမျိုးသမီးတိုင်းသည် အလုပ်အကိုင်အားလုံးတွင်အကျိုးခံစားခွင့်ရရှိပါသလား။<br>– တူညီသောအလုပ်အတွက် တူညီသောလုပ်ခခံစားခွင့်ရှိပါသလား။<br>– အမျိုးသမီးများအများဆုံးလုပ်ကိုင်သည့်စိုက်ပျိုးရေးလုပ်ငန်းများနှင့် အိမ်တွင်းနေဝင်ငွေရှာအလုပ်များကို အလုပ်အဖြစ်သတ်မှတ်ပါသလား။<br>– ကိုယ်ဝန်ဆောင်မိခင်များအတွက် အထူးအကျိုးခံစားခွင့်ရှိပါသလား၊ | |
| အပိုဒ် (၁၂)<br>ကျန်းမာရေးစောင့်ရှောက် ခံယူပိုင်ခွင့် | – ကိုယ်ဝန်ဆောင်မိခင်များအတွက် အဟာရတိုက်ကျွေးမှု၊ ဆေးစစ်မှု အစီအစဉ် များရှိပါသလား။<br>– သားဖွားဆရာမများနှင့် ဆေးရုံများသည်လုံလောက်မှုရှိပါသလား။<br>– ရင်သွေးကျန်းမာရေးအတွက်စောင့်ရှောက်ရေးအစီအစဉ်များရှိပါသလား။<br>– ကိုယ်ဝန်ဆောင်စဉ်နှင့် ကလေးမွေးဖွား စဉ်သေဆုံးမှုနှုန်း မြင့်မားနေပါသလား။ | |
| အပိုဒ်(၁၃)<br>စီးပွားရေးလုပ်ကိုင်ခွင့် | – အစိုးရက အမျိုးသမီးများစီးပွားရေးလုပ်ကိုင်နိုင်ရန်အတွက် အထူးချေးငွေအစီအစဉ်များရှိပါသလား။<br>– ကိုယ်ထူကိုယ်ထအသေးစားစီးပွားရေးလုပ်ငန်းများလုပ်ကိုင်နိုင်ရန်အတွက် ပညာပေးပို့ချမှုများရှိပါသလား။<br>– အမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်များ ရှိပါသလား။ | |
| အပိုဒ်(၁၄)<br>ကျေးလက်နေအမျိုးသမီးများတန်းတူအခွင့်အရေး | – ကျေးလက်နှင့် တိုင်းရင်းသားအမျိုးသမီးများဖွံ့ဖြိုးရေးအတွက် အထူးစီမံကိန်းများချမှတ်လုပ်ဆောင်နေပါသလား၊<br>– ကျေးလက်နေတိုင်းရင်းသားအမျိုးသမီးများနှင့် မြို့နေအမျိုးသမီးများအကြား နိုင်ငံရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူနေမှုအဆင့်အတန်းကွာဟမှု ရှိပါသလား။ | |
| အပိုဒ်(၁၅)<br>တရားဥပဒေရှေ့တွင် | – ဥပဒေများ၊ ကျင့်ထုံးများနှင့် လုပ်ထုံးလုပ်နည်းများသည် အမျိုးသားနှင့် အမျိုး | |

| | | |
|---|---|---|
| ကျားမတန်းတူခွင့် | သမီးတို့အပေါ် တန်းတူပါသလား။<br>– ဖမ်းဆီး၊ အပြစ်စီရင်ရာတွင် အမျိုးသမီးများကိုသာ ရည်ရွယ်သော ဥပဒေမျိုးရှိပါသလား။<br>– အမွေဆက်ခံရာတွင် အမျိုးသမီး၊ အမျိုးသား တန်းတူအမွေဆက်ခံမှုကို ခွင့်ပြုသော ဥပဒေရှိပါသလား။ | |
| အပိုဒ် (၁၆)<br>မိသားစုဘ၀တွင် တန်းတူညီခွင့် | – အိမ်ထောင်ရေးဥပဒေများသည် နိုင်ငံသားအခွင့်အရေးနှင့် မိရိုးဖလာထုံးထမ်းစဉ်လာ ဥပဒေများနှင့် ကိုက်ညီမှုရှိပါသလား။<br>– လက်ထပ်ရာတွင် ကျားမနှစ်ဦးစလုံး ဆန္ဒတူမှသာ လက်ထပ်ရန် သတ်မှတ်ထားပါသလား။<br>– အမျိုးသမီးများသည် မိမိဆန္ဒအရ မိမိနှစ်သက် သလိုနည်းများဖြင့် မိသားစုစီမံကိန်းများ ချမှတ်ဆောင်ရွက်နိုင်ပါသလား။<br>– လင်မယားကွာရှင်းရာတွင် လိုအပ်သော အကြောင်းပြချက်များသည် ကျားမနှစ်ဦးစလုံးအပေါ်တွင် ညီမျှမှုရှိပါသလား။<br>– လင်မယားကွာရှင်းရာတွင် ညီမျှသော တရားစီရင်ရေးဥပဒေများရှိပါသလား။ | |

## Discussion (အပြန်အလှန်ဆွေးနွေးခြင်း)

- အုပ်စုလိုက်တွေ့ရှိချက်များကို အဖွဲ့ကြီးတွင်ပြန်လည်တင်ပြခိုင်းပါ။
- ကျန်အဖွဲ့များအား မိမိတို့သိရှိထားသည့် အခြားဥပမာများကို ထပ်မံဖြည့်စွက်ရန် လမ်းဖွင့်ပေးပါ။

## Input (အကြောင်းအရာနှင့်ဆက်စပ်သည့် ဗဟုသုတပေးခြင်း)

အမျိုးသမီးအခွင့်အရေး လေ့လာသူများအနေဖြင့် မိမိတို့နိုင်ငံတွင်သာမက ဒေသအတွင်းရှိအခြားနိုင်ငံများတွင်ဖြစ်ပျက်နေသော အမျိုးသမီးဆိုင်ရာအကြောင်းအရာများကို သိရှိရန်လိုအပ်သဖြင့် ဒေသအတွင်းရှိ အခြားနိုင်ငံအချို့ကို လေ့လာဖြစ်ကြောင်းပြော၍ အောက်ပါဗဟုသုတများပေးပါ။

ဇယား (၁) လူသားဖွံ့ဖြိုးတိုးတက်မှုစာရင်းဇယား

| တိုင်းပြည်များ | ခန့်မှန်းခြေလူ့သက်တမ်း | | အသက် ၁၅ နှစ်နှင့်အထက် စာတတ်မြောက်မှုနှုန်း | | မူလတန်း၊ အလယ်တန်းနှင့် အဆင့်မြင့်ပညာရေးတွင် သင်ကြားနေသောကျောင်းသား အရေတွက် % | | အရှင်မွေး ၁၀၀၀ တွင် မွေးကင်းစကလေးသေဆုံးမှုနှုန်း | တနှစ်အတွင်းကိုယ်ဝန်ဆောင်ခြင်းကြောင့် မိခင် ၁၀၀၀၀၀ တွင် သေဆုံးမှုနှုန်း | ခန့်မှန်းခြေလုပ်အားခ ဝင်ငွေ | |
|---|---|---|---|---|---|---|---|---|---|---|
| | မ | ကျား | မ | ကျား | မ | ကျား | | | မ | ကျား |
| ဘရူနိုင်း | ၇၈.၈ | ၇၄.၁ | ၉၁.၄ | ၉၆.၃ | ၇၅ | ၇၂ | ၆ | ၀ | | |
| ဘင်္ဂလားဒေ့ရှ် | ၆၁.၅ | ၆၀.၇ | ၃၁.၄ | ၅၀.၃ | ၅၄ | ၅၃ | ၅၁ | ၃၈၀ | ၁၁၅၀ | ၂၀၃၅ |
| မလေးရှား | ၇၅.၆ | ၇၀.၇ | ၈၅.၄ | ၉၂.၀ | ၇၂ | ၆၉ | ၈ | ၃၀ | ၅၂၁၉ | ၁၃၁၅၇ |
| မြန်မာ | ၆၀.၁ | ၅၄.၅ | ၈၁.၄ | ၈၉.၂ | ၄၈ | ၄၇ | ၇၇ | ၂၃၀ | | |
| ဖိလစ်ပိုင် | ၇၁.၉ | ၆၇.၉ | ၉၂.၇ | ၉၂.၅ | ၈၂ | ၈၁ | ၂၉ | ၁၇၀ | ၃၁၄၄ | ၅၃၂၆ |
| အင်ဒိုနီးရှား | ၆၈.၆ | ၆၄.၆ | ၈၃.၄ | ၉၂.၅ | ၆၄ | ၆၆ | ၃၃ | ၃၈၀ | ၂၁၃၈ | ၄၁၆၁ |
| နီပေါ | ၅၉.၄ | ၅၉.၉ | ၂၆.၄ | ၆၁.၆ | ၅၅ | ၆၇ | ၆၄ | ၅၅၀ | ၈၉၁ | ၁၇၇၆ |
| ဗီယက်နမ် | ၇၁.၄ | ၆၆.၇ | ၈၆.၉ | ၉၃.၉ | ၆၁ | ၆၇ | ၃၀ | ၉၅ | ၁၈၈၈ | ၂၇၂၃ |
| ကမ္ဘောဒီးယား | ၅၉.၅ | ၅၅.၂ | ၅၉.၃ | ၈၀.၈ | ၅၃ | ၆၄ | ၉၆ | ၄၄၀ | ၁၆၂၂ | ၂၁၀၇ |
| လာအို | ၅၅.၆ | ၅၃.၁ | ၅၅.၅ | ၇၇.၄ | ၅၃ | ၆၅ | ၈၇ | ၅၃၀ | ၁၃၅၈ | ၂၀၈၂ |
| ပါကစ္စတန် | ၆၀.၇ | ၆၁.၀ | ၂၈.၅ | ၅၃.၄ | ၃၁ | ၄၃ | ၈၃ | ၅၃၀ | ၉၁၅ | ၂၇၈၉ |
| အိန္ဒိယ | ၆၄.၄ | ၆၃.၁ | ၄၆.၄ | ၆၉ | ၄၈ | ၆၂ | ၆၇ | ၅၄၀ | ၁၄၄၂ | ၃၈၂၀ |
| ထိုင်း | ၇၃.၄ | ၆၅.၂၅ | ၉၀.၅ | ၉၄.၉ | ၇၂ | ၇၄ | ၂၄ | ၃၆ | ၅၂၈၄ | ၈၆၆၄ |
| စင်ကာပူ | ၈၀.၂ | ၇၅.၈ | ၈၈.၆ | ၉၆.၆ | ၇၅ | ၇၆ | ၃ | ၆ | ၁၅၈၂၂ | ၃၁၉၂၇ |

စာကိုး ။ ။ ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်၏ လူသားဖွံ့ဖြိုးတိုးတက်မှုအစီရင်ခံစာ ၂၀၀၄

ဇယား (၂) အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဖိနှိပ်မှု ပပျောက်ရေးဆိုင်ရာသဘောတူချက်စာချုပ် ကိုလက်မှတ်ထိုးထားသောနိုင်ငံအချို့

| နိုင်ငံများ | လက်မှတ်ထိုးသည့်နေ့စွဲ | အတည်ပြုသည့်နေ့စွဲ | ခြွင်းချက်ထားသောအပိုဒ်များ |
|---|---|---|---|
| ဘရူနိုင်း | | | |
| ဘင်္ဂလားဒေ့ရှ် | | ၆ နိုဝင်ဘာ ၁၉၈၄ | |
| မလေးရှား | | ၅ ဇူလိုင် ၁၉၉၅ | အပိုဒ် ၂၊ ၅၊ ၇၊ ၉၊ ၁၁၊ ၁၆ |
| မြန်မာ | | ၂၂ ဇူလိုင် ၁၉၉၇ | |
| ဖိလစ်ပိုင် | ၁၅ ဇူလိုင် ၁၉၈၀ | ၅ သြဂုတ် ၁၉၈၁ | |
| အင်ဒိုနီးရှား | ၂၉ ဇူလိုင် ၁၉၈၀ | ၁၃ စက်တင်ဘာ ၁၉၈၄ | အပိုဒ် ၂၉ |
| နီပေါ | ၅ ဖေဖော်ဝါရီ ၁၉၉၁ | ၂၂ ဧပြီ ၁၉၉၁ | |
| ဗီယက်နမ် | ၂၉ ဇူလိုင် ၁၉၈၀ | ၁၇ ဖေဖော်ဝါရီ ၁၉၈၂ | ခြွင်းချက်မထားပါ။ |
| ကမ္ဘောဒီးယား | ၁၇ အောက်တိုဘာ ၁၉၈၀ | ၁၅ အောက်တိုဘာ ၁၉၉၂ | |
| လာအို | ၁၇ ဇူလိုင် ၁၉၈၀ | ၁၄ သြဂုတ် ၁၉၈၁ | |
| ပါကစ္စတန် | | ၁၂ မတ် ၁၉၉၆ | |
| အိန္ဒိယ | ၃၀ ဇူလိုင် ၁၉၈၀ | ၉ ဇူလိုင် ၁၉၉၃ | အပိုဒ် ၂၉ |
| ထိုင်း | | ၉ သြဂုတ် ၁၉၈၅ | |
| စင်္ကာပူ | | ၅ အောက်တိုဘာ ၁၉၉၅ | အပိုဒ် ၂၊ ၁၆ |
| တရုတ် | ၁၇ ဇူလိုင် ၁၉၈၀ | ၄ နိုဝင်ဘာ ၁၉၈၀ | အပိုဒ် ၂၉ |
| တောင်ကိုးရီးယား | ၂၅ မေ ၁၉၈၃ | ၂၇ ဒီဇင်ဘာ ၁၉၈၃ | အပိုဒ် ၆ |

**Input (**အကြောင်းအရာနှင့်ဆက်စပ်သည့် ဗဟုသုတပေးခြင်း)

စင်္ကာပူ

- လူသားဖွံ့ဖြိုးတိုးတက်မှုနှုန်းမြင့်မားသောနိုင်ငံဖြစ်သည်။ ၁၉၉၇ ခုနှစ်တွင် အမျိုးသမီးချာတာကို ပြင်ဆင်ရေးသားခဲ့ပြီး ဇနီးနှင့်ခင်ပွန်းတို့အကြား တန်းတူညီမျှရေးကိုအထောက်အကူဖြစ်စေသည့် လက်ထပ် ပြီးနောက် အိမ်ထောင်ပြုခွင့်ကို တားမြစ်ခြင်း၊ ခင်ပွန်းယောကျာ်းအနေဖြင့် ဇနီးနှင့်သားသမီးများကို ထောက်ပံ့ခြင်း၊ အိမ်ထောင်တာဝန်ယူခြင်းတို့ကို လိုက်နာစေခြင်း၊ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲနိုင်ခြင်း၊ ကွာရှင်းအပြီး လက်ထက်ပွားအမွေများကို တန်းတူခံစားခွင့်ရှိခြင်း၊ အကြမ်းဖက်ခံရသောဇနီးသည် ဥပဒေကာကွယ်မှုရယူခွင့်ရှိခြင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်သူများအား ဥပဒေဖြင့်အပြစ်ပေးခြင်းတို့ကို ထည့်သွင်းပြဌာန်းလာခဲ့သည်။

- စင်ကာပူနိုင်ငံတွင် အလုပ်သမားဥပဒေကို ပြဌာန်းထားသော်လည်း ရွှေ့ပြောင်းအလုပ်သမားများအား ကာကွယ်ပေးမှုမရှိပေ။ ထို့ကြောင့် ရွှေ့ပြောင်းအလုပ်သမားများသည် စင်ကာပူနိုင်ငံသား အလုပ်ရှင်များ၏ ချိုးဖောက်မှုများကို တိုင်ကြားရာတွင် အခက်အခဲရှိသည်။ နိုင်ငံခြားသားအိမ်ဖော် အမျိုးသမီးများသည် ကိုယ်ဝန်ရှိ၊ မရှိစစ်ဆေးပြီးမှသာအလုပ်ရပြီး စင်ကာပူနိုင်ငံသားအမျိုးသားများနှင့် လက်ထပ်ခွင့်မရှိပါ။

- စာမတတ်သူနှုန်းတွင် အမျိုးသမီးများက ၁၂ ရာခိုင်နှုန်းရှိ၍ အမျိုးသားများက ၄ ရာခိုင်နှုန်းရှိသည်။ တက္ကသိုလ်ဘွဲ့ရများတွင် အမျိုးသမီး ၅၀ ရာခိုင်နှုန်းရှိသည်။

- စင်ကာပူနိုင်ငံသည် **CEDAW**စာချုပ်အပိုဒ် (၂)နှင့် (၁၆) ကို ခြွင်းချက်ထားလက်မှတ်ထိုးထားသည်။

တောင်ကိုရီးယားနိုင်ငံ

- တောင်ကိုရီးယားနိုင်ငံတွင် ၁၉၈၇ ခုနှစ်၌ အလုပ်သမားတန်းတူရေးဥပဒေ၊ ၁၉၉၁ ခုနှစ်တွင် ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးဥပဒေ၊ ၁၉၉၃ ခုနှစ်တွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရသူများကို ကာကွယ်ပေးသောဥပဒေ၊ ၁၉၉၅ ခုနှစ်တွင် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ ၁၉၉၉ ခုနှစ်တွင် လိင်ခွဲခြားမှု ဆန့်ကျင်သောဥပဒေတို့ကို အသီးသီးပြဋ္ဌာန်းခဲ့သည်။ သမတ၏ အမျိုးသမီးရေးရာကော်မရှင်ကို သီးသန့်ဖွဲ့စည်းထားပြီး နိုင်ငံတော်အဆင့် အမျိုးသမီးစီမံကိန်းများ အကောင်အထည်ဖော်မှုကို ကြီးကြပ် သည်။

- ၁၉၉၈ ခုနှစ်တွင် တနိုင်ငံလုံးရှိ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များတွင် လိင်ကွဲပြားသောပုံစံခွက်အစွဲများ ကင်းစေရန် ပြန်လည်ပြင်ဆင်ခဲ့သည်။ ယောကျ်ားလေးများအတွက် သီးသန့်ဘာသာရပ်ဖြစ်သောစက်မှုနှင့် မိန်းကလေးများအတွက်သီးသန့်ဘာသာရပ်ဖြစ်သော အိမ်တွင်းမှုသိပ္ပံကို တဘာသာထဲအဖြစ် သတ်မှတ်ခဲ့သည်။ ၁၉၉၁ ခုနှစ်တွင်ပြဋ္ဌာန်းခဲ့သော ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးဥပဒေအရ ကုမ္ပဏီများတွင် ကလေး မိခင်များ၏ ကလေးများအတွက် ကလေးထိန်းဌာနများဖွင့်ပေးရန် ပြဋ္ဌာန်းထားသည်။

- သို့ရာတွင် မိရိုးဖလာယုံကြည်မှုများကြောင့် အမျိုးသမီးများအပေါ် ခွဲခြားနှိမ့်ချသည့်အမြင်များ ဆက်လက်တည်ရှိစေဆဲကို တွေ့ရသည်။ သားယောကျ်ားလေးကို ဦးစားပေးသော ဓလေ့အစဉ်အလာရှိနေဆဲဖြစ်သည်။ နိုင်ငံရေးတွင် အမျိုးသမီးများပါဝင်စေရန် ခွဲတမ်းစနစ်မရှိသေးပါ။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ ဆက်လက်များပြားနေလျက်ရှိသည်။ အသက် (၁၆)နှစ်မပြည့်သေးသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်စော်ကားခံရသူများ၏ ထွက်ဆိုချက်ကို သက်သေအဖြစ်လက်မခံသော ဥပဒေရှိနေသည်ကိုတွေ့ရသည်။

- ကိုရီးယားနိုင်ငံသည် CEDAWအပိုဒ် (၉) ကို ခြွင်းချက်ထားလက်မှတ်ထိုးထားသည်။

ဖိလစ်ပိုင်

- ဖိလစ်ပိုင်နိုင်ငံတွင် လိင်ခွဲခြားမှုပပျောက်စေရန်ရည်ရွယ်၍ **Gedner Rspsonsive Development (PPGD)** စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ **CEDAW** စာချုပ်ကို ခြွင်းချက်မရှိ လက်မှတ်ထိုးထားသည်။ ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းဒေသများတွင် ယနေ့တိုင်ဖြစ်ပွားနေသည့် လက်နက်ကိုင် ပဋိပက္ခများကြောင့် အမျိုးသမီးများနှင့် ကလေးများအပေါ် အခက်အခဲများစွာ ကြုံတွေ့ရလျက်ရှိသည်။

- ဖိလစ်ပိုင်နိုင်ငံသည် ကမ္ဘာ့ဘဏ်၏ အစီအစဉ်အဖြစ် စိုက်ပျိုးရေးစနစ်မှ လွတ်လပ်သော စျေးကွက်စီးပွားရေးစနစ်သို့ ကူးပြောင်းသည့်အစီအစဉ်ကို ကျင့်သုံးနေလျက်ရှိသည်၊ ထိုအစီအစဉ်ကြောင့် ကျေးလက်စိုက်ပျိုးရေးကဏ္ဍများတွင် လုပ်ကိုင်နေသော အမျိုးသမီးလယ်သမားများအပေါ် သက်ရောက်မှုများစွာ ရှိခဲ့သည်။ လယ်သမားများမှာ ထိုအစီအစဉ်က သတ်မှတ်ပေးထားသော ငွေရသီးနှံများကို ပြောင်းလဲစိုက်ပျိုးရခြင်း၊ မိရိုးဖလာတံငါ ငါးဖမ်းလုပ်ငန်းခွင်များမှ တံငါသည်များကို ခရီးသွားလုပ်ငန်းအတွက် နေရပ်မှ အတင်းအကြပ် ရွှေ့ပြောင်းခြင်းများ ကြုံတွေ့ခဲ့ရသည်။

- ဖိလစ်ပိုင်နိုင်ငံ၏ ၁၉၈၇ ခုနှစ် မိသားစုဆိုင်ရာဥပဒေတွင် လိင်ခွဲခြားမှုကိုပပျောက်အောင် ကြိုးပမ်းလုပ်ဆောင်ထားသော်လည်း လင်မယားကွာရှင်းပြတ်စဲခြင်းဆိုင်ရာ အကြောင်းအချက် တလုံးတပါဒမှ မပါပါ။ အကယ်၍ ဇနီးဖြစ်သူက သီးခြားကွဲကွာနေလိုပါက လင်ယောကျ်ားဖြစ်သူက အလေ့အထတခုအဖြစ် ရိုက်နှက်မှသာ သီးခြားစွာကွဲကွာနေထိုင်နိုင်သည်ဟု ဆိုထားသည်။ ကိုယ်ဝန်ဖျက်ချမှုမှာလည်း တရား မဝင်ဖြစ်သည်။ ကိုယ်ဝန်ပျက်မှုနှင့် ကိုယ်ဝန်ဆောင်မှုကြောင့် သေဆုံးသူ တနေ့လျှင် ၅ ဦးမှ ၆ဦးခန့်ရှိသည်။ ကိုယ်ဝန်ဆောင်မှုနှင့် အိမ်ထောင်ပြုမှုကြောင့် အလုပ်မှထွက်ခိုင်းခြင်းများရှိသည်။ အခြားနိုင်ငံများသို့ သွားရောက်အလုပ်လုပ်သူများအနက် အမျိုးသမီးများမှာ ၅၅ ရာခိုင်နှုန်း ရှိသည်။ ထိုအလုပ်သမားများမှာ အလုပ်သမားသမဂ္ဂ ဖွဲ့စည်းခွင့်မရှိ၍ အမြတ်ထုတ်မှုမျိုးစုံကို ကြုံရလေ့ရှိသည်။ နိုင်ငံခြားတွင် အိမ်တွင်းအလုပ်လုပ်သော ဖိလစ်ပိုင်အမျိုးသမီး ၈၅ရာခိုင်နှုန်းသည် အကြမ်းဖက်မှုကို ရင်ဆိုင်ရသည်ဟု နိုင်ငံတကာအလုပ်သမားအဖွဲ့ချုပ်**(ILO)** ၏ အစီရင်ခံစာတခုက ဆိုသည်။ နိုင်ငံခြားသို့ သွားရောက်အလုပ်သူများအသွင်ဖြင့် လူကုန်ကူးသန်းရောင်းဝယ်မှုမှာ တိုးပွားလျက်ရှိသည်။

ဗီယက်နမ်

- ၁၉၈၉ ခုနှစ်နှင့် ၁၉၉၀ ခုနှစ်များတွင် ဗီယက်နမ်နိုင်ငံသို့ထောက်ပံ့ခဲ့သော ဆိုဗီယက်အကူအညီများ ရပ်တံ့ပြီးခဲ့နောက် ဗဟိုဦးစီးချုပ်ကိုင်သောစနစ်မှ ပုဂ္ဂလိကပိုင်များကို ခွင့်ပြုခဲ့ရသည်။ ထို့ကြောင့် အစိုးရဝန်ထမ်း အများအပြား အလုပ်လက်မဲ့ဖြစ်ခဲ့ရသည်။
- ဗီယက်နမ်နိုင်ငံ၏ ဖွဲ့စည်းပုံဥပဒေထဲတွင် အလုပ်လုပ်ခခံစားခွင့်နှင့် ပညာရေးအခွင့်အလမ်းများတွင် ကျားမတန်းတူမှုရှိရမည်ဟု ပြဋ္ဌာန်းထားသည်။ ပစ္စည်းပိုင်ဆိုင်မှု၊ နိုင်ငံသားဖြစ်မှု၊ လက်ထပ်ထိမ်းမြား အိမ်ထောင်ထူထောင်မှုတို့တွင် တန်းတူဖြစ်စေရန် ဥပဒေအရပြဋ္ဌာန်းထား၏။ ဗီယက်နမ်နိုင်ငံသည် အာရှပစိဖိတ်ဒေသအတွင်း ပါလီမန်တွင် အမျိုးသမီးကိုယ်စားပြုမှု ဒုတိယအမြင့်မားဆုံးနိုင်ငံဖြစ်သည်။ နိုင်ငံတော်အဆင့် အမျိုးသမီးများ တိုးတက်မြင့်မားရေးကော်မရှင်က အမျိုးသမီးများဘဝတိုးတက်ရေး အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်သည်။
- မိသားစုဘဝများတွင် အမျိုးသမီးကို မျိုးရိုးဂုဏ်ထိန်းသိမ်းသည့်သူများအဖြစ် သတ်မှတ်လျက်ရှိသေးသည်။ ရင်သွေးနှစ်ဦးထက်မပိုရသော စီမံချက်ကျင့်သုံးနေလျက်ရှိရာ မိဘများသည် သားယောကျ်ားလေးကို ပိုမိုတန်ဖိုးထားသော အစွဲရှိနေသေးသည်။
- ပြည့်တန်ဆာလုပ်ငန်းမှာ ကြီးထွားလျက်ရှိသည်။ ဗီယက်နမ်အမျိုးသမီးများအား အိမ်နီးနားချင်းနိုင်ငံ များသို့ ကူးသန်းရောင်းဝယ်၍ ပြည့်တန်ဆာအဖြစ်သွပ်သွင်းမှုမှာ တွင်ကျယ်နေသည်။ အိမ်တွင်းအကြမ်းဖက်မှု၊ ကလေးများအား လိင်စော်ကားမှု၊ လမ်းမပေါ်ရောက်ကလေးများ စသည့်ပြဿနာများကို ရင်ဆိုင်နေရလျက်ရှိသည်။
- အလယ်တန်းအဆင့်တွင် အမျိုးသမီးငယ်များကျောင်းထွက်နှုန်း မြင့်မားမှုမှာ မြင်သာသောအကြောင်းအချက်ဖြစ်သည်။ ထို့ပြင် ခင်ပွန်းသည်၏ လိင်စော်ကားမှုသည် ရာဇဝတ်မှုမမြောက်သလို ကျေးလက်ဒေသရှိ အမျိုးသမီးတော်တော်များများသည် ခင်ပွန်းဖြစ်သူ အငယ်အနှောင်းထားခြင်းကို သည်းခံနေရ၏။
- ဗီယက်နမ်သည် CEDAWစာချုပ်ကို ခြွင်းချက်မရှိလက်မှတ်ထိုးထားသည်။

မလေးရှား

- အာရှတွင် ဖွံ့ဖြိုးတိုးတက်မှု အင်အားကောင်းသည့် မလေးရှားနိုင်ငံသည် ၁၉၇၀ ခုနှစ်ပိုင်းမှစတင်၍ နိုင်ငံခြား ပို့ကုန်အဓိကထားထုတ်လုပ်လာခဲ့ပြီး အလုပ်အကိုင်ပေါများလာခဲ့သည်။ ထို့အတူ အလယ်အလတ် တန်းစား အမျိုးသမီးအလုပ်သမားများ တိုးပွားလာခဲ့ပြီး ထိုအမျိုးသမီးများ ပြင်ပထွက်အလုပ်လုပ်စဉ် အိမ်ထောင်ထိမ်းသိမ်းရန် နိုင်ငံခြားအိမ်ဖော်အလုပ်သမားများကို မှာယူတင်သွင်းလာခဲ့ရသည်။ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ သိရိလင်္ကာနှင့် မြန်မာနိုင်ငံတို့မှ အမျိုးသမီးအလုပ်သမားများစွာတို့ မလေးရှားနိုင်ငံသို့လာရောက်အလုပ်လုပ်ကိုင်ခဲ့သည်။

- နိုင်ငံခြားအမျိုးသမီး အလုပ်သမားအများအပြားသည် အနားယူရက်ခံစားခွင့်မရှိ၊ အလုပ်သမားအဖွဲ့အစည်းများထူထောင်ခွင့်မရှိဘဲ အလုပ်ရှင်များ၏ နှိပ်စက်မှုကို ခံစားနေရကြောင်း လူ့အခွင့်အရေးအဖွဲ့များကဆို၏။ အလုပ်လုပ်ခွင့်ဗီဇာမရှိဘဲ လုပ်ကိုင်သူ၊ ဗီဇာသက်တမ်းကျော်လွန်သူများအား ဖမ်းဆီးပြီး ချုပ်နှောင်သည့် အကျဉ်းစခန်းများအခြေအနေသည် အလွန်ဆိုးဝါးလှသည်ဟု ထိုအဖွဲ့များက ဆိုသည်။

- မလေးရှားနိုင်ငံသည် **CEDAW**စာချုပ် အပိုဒ် ၂၊ ၅၊ ၇၊ ၉၊ ၁၁၊ ၁၆ တို့ကို ခြွင်းချက်ထား လက်မှတ်ထိုးထားသည်။

အင်ဒိုနီးရှား

- အမျိုးသမီးများတန်းတူညီမျှမှု ရှိရမည်ဟူသော အဆိုကို အင်ဒိုနီးရှားနိုင်ငံ၏ ၁၉၄၅ ခု ဖွဲ့စည်းပုံဥပဒေထဲတွင် တွေ့ရသည်။ အမျိုးသမီးများ အခန်းကဏ္ဍဆိုင်ရာဝန်ကြီးဌာနက အမျိုးသမီးများဆိုင်ရာ စီမံကိန်းများ ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကို လုပ်ဆောင်လျက်ရှိသည်။ အမျိုးသားနှင့် အမျိုးသမီး တန်းတူ အမွေဆက်ခံပိုင်ခွင့်ရှိကြောင်း ဗဟိုတရားရုံးတော်က ၁၉၆၀ခုနှစ် စီရင်ချက်တွင် ဆုံးဖြတ်ထားသည်။ လူသားအရင်းအမြစ်အသုံးချမှုနှင့် လူနေမှုအဆင့်အတန်း အခြေပြုဇယားအရ အာရှဒေသတွင် အင်ဒိုနီးရှားနိုင်ငံအဆင့်မှာ နိမ့်ကျနေသော်လည်း စာတတ်မြောက်မှုနှုန်းနှင့် အလုပ်ရရှိမှုနှုန်းများ တိုးတက်လာသည်ဟု အင်ဒိုနီးရှားအစိုးရကဆိုသည်။

- အစိုးရတွင် အမျိုးသမီးများကိုယ်စားပြုမှု နည်းသောအချက်မှာ သိသာထင်ရှားလှသော အချက်အလက်ဖြစ်သည်။ အမျိုးသမီးများ အထက်တန်းပညာအဆင့်တွင် ကျောင်းထွက်နှုန်းမှာ မြင့်မားလှသည်ကိုတွေ့ရ၏။ မူဆလင်လူမျိုးများအများဆုံး ဖြစ်သည့်နိုင်ငံဖြစ်ပြီး နိုင်ငံသားတဦးချင်းဆိုင်ရာ အခွင့်အရေး၊ လက်ထပ်ထိမ်းမြားမှုဆိုင်ရာ ဥပဒေနှင့် ဘာသာရေးဥပဒေများတွင် အမျိုးသမီးများ၏ ဆုံးဖြတ်ချက်ကို ထည့်သွင်းဆုံးဖြတ်ခြင်း နည်းလှသည်။

- အင်ဒိုနီးရှားနိုင်ငံသည် **CEDAW**စာချုပ် အပိုဒ် (၂၉)ကို ခြွင်းချက်ထားလက်မှတ်ထိုးထားသည်။

တရုတ်

- တရုတ်နိုင်ငံလူဦးရေ၏ လေးပုံတပုံနှင့် အစိုးရဝန်ထမ်း ၃၃ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်သည်။ အမျိုးသမီးများအား ယာယီအထူးလုပ်ဆောင်ပေးချက်များနှင့်ပတ်သက်သော ဥပဒေများကို လွှတ်တော်ကနေ၍ ချမှတ်ခဲ့သည်။

- တရုတ်အမျိုးသမီးနှင့် အမျိုးသားတို့အကြား နိုင်ငံသားဖြစ်ခွင့်၊ ငြင်းပယ်ခွင့်တို့တန်းတူရှိသည်။ လွတ်လပ်စွာ လက်ထပ်ထိမ်းမြားခွင့်၊ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်၊ အမွေဆက်ခံခွင့်တို့ တန်းတူရှိသည်။ အမျိုးသမီးပြည်သူ့ကိုယ်စားလှယ်များအတွက် ယာယီအထူးပြု လုပ်ဆောင်ပေးချက်များလည်းရှိသည်။ အမျိုးသမီးအလုပ်သမားများသည် တနိုင်ငံလုံးအလုပ်သမားအရေအတွက်၏ ၄၄ ဒသမ ၈ ရာခိုင်နှုန်းရှိသည်။
- သို့သော် မိရိုးဖလာအမျိုးသားကို တန်ဖိုးထားသော အလေ့အထမှာ ကျေးလက်ဒေသများတွင် အမြစ်တွယ်လျက်ရှိနေသေးသည်။ တအိမ်ထောင်တယောက် မိသားစုစီမံကိန်းနှင့် သားယောကျ်ားလေးကို တန်ဖိုး ပိုထားသောဓလေ့တို့ကြောင့် မိန်းကလေးကိုယ်ဝန်ဖျက်ချမှုအများအပြားဖြစ်နေသည်။
- တရုတ်နိုင်ငံသည် **CEDAW**စာချုပ်အပိုဒ် (၂၉) ကို ခြွင်းချက်ထားလက်မှတ်ရေးထိုးထားသည်။

အိန္ဒိယ

- အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံဥပဒေအပိုဒ် ၁၄၊ ၁၅၊ ၁၆ တို့တွင် အမျိုးသမီးနှင့်အမျိုးသား အလုပ်ခွင့်၊ လုပ်ခတို့တွင် တန်းတူညီမျှမှုရှိရမည်ဟု ဆိုထားသည်။ အပိုဒ် (၃၂၅)တွင် ကျားမ မရွေး မဲပေးခွင့်ရှိကြောင်း ဖော်ပြထားသလို ၇၃ ကြိမ်မြောက် ဖွဲ့စည်းပုံဥပဒေပြင်ဆင်ချက်တွင် အစိုးရဌာနတိုင်း၏ သုံးပုံတပုံသည် အမျိုးသမီးများအတွက် လျာထားသတ်မှတ်ပေးရမည်ဟု ဆိုထားသည်။ သို့သော် ခွဲခြားဖိနှိပ်မှုဆိုသည့် အဓိပ္ပာယ်ကို ဖွဲ့စည်းပုံဥပဒေတွင် မဖော်ပြထားသလို ခွဲခြားဖိနှိပ်ခြင်းဆန့်ကျင်ရေး ဥပဒေမျိုးလဲ မရှိသေးပါ။
- လွှတ်တော်တွင် အမျိုးသမီး အမတ်အရေအတွက် ၃၃ ရာခိုင်နှုန်းရရှိစေခြင်း၊ အမျိုးသမီးများ မဲပေးခွင့် အရွေးခံပိုင်ခွင့်များရှိခြင်းတို့သည် အစိုးရ၏ ယာယီအထူးပြု လုပ်ဆောင်ပေးချက်များဖြစ်သည်။ မိန်းကလေးများ အသက် (၁၄)နှစ်အထိ အခမဲ့နှင့် မသင်မနေရ ပညာရေးစနစ်ရှိသည်။ သမီးမိန်းကလေး ဖြစ်သောကြောင့် ကိုယ်ဝန်ဖျက်ချမှုကို ပိတ်ပင်ထားသည်။
- နိုင်ငံတော်အဆင့် အမျိုးသမီးကော်မရှင်ကို ၁၉၉၂ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ နိုင်ငံတော်အဆင့် လူ့အခွင့်အရေးကော်မရှင်ကို ၁၉၉၃ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး လူ့အခွင့်အရေးချိုးဖောက်ခံရသူများ၏ တဦးချင်းတိုင်ကြားမှုကို လက်ခံစုံစမ်းလျက်ရှိသည်။ အချို့ပြည်နယ်များတွင် အမျိုးသမီးများ သီးသန့် အချုပ်ခန်းနှင့် အမျိုးသမီးသီးသန့် ရဲစခန်းများကို ဖွင့်လှစ်ထားသည်။
- ရိုးရာယုံကြည်မှုများကိုအခြေခံ၍ အမျိုးသမီးများအား အကြမ်းဖက်မှုနှုန်းမှာ မြင့်မားလျက်ရှိနေသည်။ အမျိုးသမီးများအနေဖြင့် သတိုးသားများကို တင်တောင်းရသည့်စနစ်၊ ဘုရားကျောင်းများတွင် ကလေးလိင်အလုပ်သမများအဖြစ် စေခိုင်းသည့်စနစ်၊ အရွယ်မတိုင်ခင်ကလေးများအား အိမ်ထောင်ချပေးသည့်စနစ်၊ ဇာတ်နိမ့်ဟုသတ်မှတ်ကာ အနိုင်ကျင့်သည့်စနစ်များမှာ ယနေ့တိုင် ဖြစ်ပွားလျက်ရှိသည်။
- ပညာရေးဖက်တွင်လည်း သင်ရိုးညွှန်းတမ်းများ၌ ကျားမခွဲခြားသည့်ပုံစံခွက်များ၊ ပုံဖော်မှုများ ရှိနေလျက်ရှိသည်။
- အိန္ဒိယနိုင်ငံသည် CEDAWစာချုပ်အပိုဒ် (၂၉) ကို ခြွင်းချက်ထားလက်မှတ်ထိုးထားသည်။

**Deepening (သင်တန်းသားများ၏ လက်တွေ့အဖြစ်နှင့် နှိုင်းယှဉ်ဆက်စပ်ပေးခြင်း)**

- သင်တန်းသားများအား ယခုဆွေးနွေးခဲ့သည့်နိုင်ငံများတွင် မည်သည့်အခွင့်အရေး ချိုးဖောက်မှုများကို အများဆုံးတွေ့ရပါသလဲ။

- ထိုနိုင်ငံများတွင် ဖြစ်နေသောမည်သည့် အမျိုးသမီးအခြေအနေများသည် မြန်မာနိုင်ငံနှင့် ဆင်တူ၍ မည်သည့်အခြေအနေများသည် ကွဲပြားနေပါသလဲဟူ၍ မေးပြီးဆွေးနွေးခိုင်းပါ။

**Synthesis (**မည်ကဲ့သို့လုပ်ဆောင် ကာကွယ်တားဆီးနိုင်သည်ကို အဖြေရှာလုပ်ဆောင်ပေးခြင်း)

- အာရှဒေသအတွင်းရှိ အစိုးရများလိုက်နာသင့်သော အကြံပေးချက် **(Recommendation)** များကို အဖွဲ့ငယ်များခွဲ၍ ရေးသားစေပြီး ပြန်လည်တင်ပြခိုင်းပါ။ အကြံပေးချက်များကို စုစည်း၍ ကြေညာချက် **(Delclaration)** ပုံစံဖြင့် ထုတ်ပြန်ပါ။